# Kure City မူလတန်းဘဝ

## နိုင်ငံခြားမှဂျပန်သို့လာတဲ့သားမိဘအတွက်

**ကလေး — မူလတန်းကျောင်းမှာပညာသင်ကလေး**


**အုပ်ထိန်းသူ — ကလေး၏မိဘအုပ်ထိန်းသူ**

ကျောင်းလွယ်အိတ်ထဲ
သင်ခန်းစာအုပ်မှတ်စုစာအုပ်ခဲတံထဲ့
ဗူးများထဲ့မည်

နာမည်ကဒ်ပြားနဲ့
ယာဉ်ဩာအလာလုံခြုံမှု
အထိမ်းအမှတ်တပ်မည်

လုံခြုံရေးပီပီတပ်မည်

အားကစား အကျႌ
ထဲ့မည်



လက်ကိုင်ပုဝါ
တီးစူးများ ထဲ့မည်

ကျောင်းစီးဖိနပ်ထဲ့မည်

တစ်ယောက်ထဲချွတ်ဝတ် နိုင်သောအကျႌ
ဖိနပ်နဲ့သွားမယ်

Nihongo Network Sumitsuzukete Kure

# မာတိကာ


| | |
|---|---|
| ၁. တစ်နေ့တာ ကျောင်းမှာ　( ကျောင်းဘဝ ) | 2 |
| ၂. ကျောင်းမှာ မလုပ်ရတဲ့အရာ | 3 |
| ၃. အတန်း (အတန်းချိန်ခွဲခြင်း ) | 3 |
| ၄. အောက်ချက် (အောင်မှတ်ရလဒ်) | 4 |
| ၅. အိမ်မှာ မိဘများလုပ်ရျည့်အရာ (အုပ်ထိန်းသူ) | 4 |
| ၆. ကျောင်းသုံးပစ္စည်း | 5－6 |
| ၇. ကျောင်းမှာ လိုအပ်တဲ့ငွေ (ပိုက်ဆံ) | 6 |
| ၈. ကျောင်းနှင့် အုပ်ထိန်းသူ ဆက်သွယ်နည်း | 7 |
| ၉. တစ်နှစ်တာလုပ်ငန်း | 7－9 |
| ၁၀. ကျောင်းနှင့်ပတ်သက်ပြီး သိရန် | 10 |
| ၁၁. ဒုက္ခရောက်တဲ့အခါ မေးမြန်းဆွေးနွေးရမည်။ | 10－11 |


ဤအရာသည် KURE မူလတန်းကျောင်းနှင့် ပတ်သက်ပြီး နားလည်လွယ်အောင် တင်ပြထားခြင်းဖြစ်ပါသည်။ ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း မတူပါ။ တက်ရမည့် ကျောင်း၏ ရှင်းလင်းတင်ပြသည့်ပွဲတွင် မဖြစ်မနေပါဝင်ပါ။ နားမလည်သည့် ကိစ္စရပ်များကို ကျောင်းတွင် မေးမြန်းကြပါ။

# ၁. ကျောင်းမှာ တစ်နေ့တာ

| | |
|---|---|
| 8:15<br>～ 8:20 | ကျောင်းသို့ သွားခြင်း။<br>• အိမ်မှ ကျောင်းသို့ သတ်မှတ်ထားသော လမ်း ( ကျောင်းသွားလမ်း )ကို အသုံးပြု၍ သွားရမည်။<br>•ကျောင်းနောက်ကျသည့်အခါနှင့် ကျောင်းတက်ပျက်မည့်အခါ ကျောင်းသို့ ဖုန်းဆက်အကြောင်းကြားရမည်။ |
| 8:20<br>～ 8:35 | •မနက်အစည်းအဝေး တစ်လတွင် တစ်ကြိမ် ကျောင်းသားအားလုံး ကျောင်းတွင် စုရသည်။ ပုံမှန် မနက်အစည်းအဝေး<br>•အခန်းတစ်ခန်းထဲတွင် နှုတ်ဆက်ခြင်းပြုလုပ်ပြီး ဆရာမှ ပြောသည့်အကြောင်းအရာများအား နားထောင်ရသည်။ |
| 8:35～ | အတန်း<br>• အတန်းပိုင်ဆရာမှ အားလုံးကို သင်ပေးပါသည်။<br>• အတန်းချိန်သည် တစ်ကြိမ်လျှင် ၄၅ မိနစ်ဖြင့် နေ့လည်အထိ ၄ ကြိမ်ရှိပါသည်။<br>• အတန်းသည် နေ့တိုင်း မတူပါ။<br>• စာသင်ချိန် တစ်ချိန်နှင့်တစ်ချိန် အကြားတွင် နားချိန် ၅ မိနစ်ရှိပြီး၊ နေ့လည်ခင်းနားချိန် ၂၅ မိနစ် ရှိသည်။<br>• အိမ်သာ (အပေါ့အလေး) သွားခြင်းကို နားချိန်တွင်သာ ပြုလုပ်ရပါသည်။ |
| 12:05<br>～ 12:55 | နေ့လည်စာ<br>• ကျောင်းမှ ပြင်ဆင်ပေးပါသည်။ ၎င်းအတွက် အခကြေးငွေ ပေးသွင်းရသည်။<br>• ကလေးများမှ နေ့လည်စာ ဝေရပါသည်။ ( အလှည့်ကျတာဝန်ကျသူမှ ဝေရသည်။)<br>• နေ့လည်စာ မကျွေးသည့်နေ့လည်း ရှိသည်။<br>• ကျောင်းမှ နေ့လည်စာ မိတ္တူကို ဝေပေးပါသည်။ |
| 12:55<br>～ 13:50 | • နေ့လည်နားချိန် ကစားကြပါသည်။<br>• သန့်ရှင်းရေး - ကျောင်းသားကလေးများနှင့် ဆရာများ လုပ်ကြရသည်။ |
| 13:50～ | • အတန်းအပြန် အစည်းအဝေး<br>• နေ့လည်နောက်ပိုင်း အတန်းချိန် မရှိသည့် နေ့များလည်း ရှိ။<br>• မိတ္တူကို ဝေပြီး၊ နောက်နေ့အတွက် အတန်း၊ ကျောင်းနှင့် ပတ်သက်ပြီး ပြောပြသည်။<br>• ကျောင်းဆင်းပြီးနောက် ၊ အိမ်ပြန်ပါသည်။ |

ကျောင်းဆင်းပြီး ကလေးများအသင်း ကျောင်းဆင်းပြီးမှ ညနေခင်းအထိ ကလေးများနေနိုင်ပါသည်။

ဆွေးနွေးတိုင်ပင်ပါ။ တယ်လီဖုန်း

0823-25-3254 (KURE မြို့ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဦးစီးဌာန ကလေးပြုစုပျိုးထောင်ဌာန )

## ၂. ကျောင်းတွင် မပြုလုပ်ရသည့် အရာများ

× ဆံပင်ဆေးမဆိုးရ

× နားကပ်ကဲ့သို့သော ပစ္စည်းများကို ဝတ်ဆင်ခြင်းမပြုရ။

× ပိုက်ဆံ စားစရာ၊ ပစ္စည်း၊ မုန့်၊ ဂိမ်းစက်ကဲ့သို့သော ပစ္စည်းများ ယူမလာရ။

× စက်ဘီးဖြင့် ကျောင်းမသွားရ။

× အကြောင်းကြားခြင်းမရှိဘဲ ကျောင်းမပျက်ရ။

× ဆရာကို မပြောဘဲ၊ အသိပေးအကြောင်းကြားခြင်းမရှိဘဲ ကျောင်းမပျက်ရ။

× လက်ကိုင်ဖုန်းများ ယူဆောင်မလာရ။

( ကျောင်းသို့ ယူဆောင်လာချင်သောအခါ )

## ၃. အတန်း ( အချိန်ခွဲခြင်း )

ကျောင်းပြီးချိန်သည် နေ့ရက်နှင့် အတန်းအလိုက် ခြားနားပါသည်။ စနေနေ့နှင့် တနင်္ဂနွေသည် ကျောင်းပိတ်ရက်ဖြစ်သည်။

အတန်းပိုင် ဆရာမှ သင်ခန်းစာအားလုံးနီးပါးအား သင်ကြားပေးပါသည်။




**<မူလတန်း သင်ခန်းစာများ>**

| | | | |
|---|---|---|---|
| **မိခင်ဘာသာ** | **သချ်ာ** | **ကာယပညာ** | **ဂီတ** |
| **ပုံဆွဲခြင်း** | **ကိုယ်ကျင့်တရား** | **အသက်မွေးပညာ 1,2တန်း** | **လူ့အဖွဲ့အစည်း 3,4,5,6တန်း** |
| **သိပ္ပံ 3,4,5,6တန်း** | **ဘက်စုံသင်ကြားချိန် 3,4,5,6တန်း** | **အိမ်မှုကိစ္စ 5,6တန်း** | **နိုင်ငံခြားဘာသာ 5,6တန်း** |

# ၄. အောင်ချက်

## ၁. စာမေးပွဲ

▪စာမေးပွဲများကို အကြိမ်ကြိမ်ကျင်းပပြီး သင်ခန်းစာများကို နားလည်မလည် စစ်ဆေးပါသည်။

## ၂. အကဲဖြတ်ခြင်း

▪စာသင်မှုများပြီးစီးပါက ကလေးများ၏ အောင်ချက်နှင့် ကျောင်း၌ ၎င်းတို့၏ အပြုအမူများနှင့် ပတ်သက်ပြီး အတန်းပိုင်ဆရာနှင့် စကားပြောရပါသည်။

# ၅. အိမ်တွင် မိဘအုပ်ထိန်းသူများ လုပ်ဆောင်ရမည့် တာဝန်

## ၁. ကလေးများ ကျောင်းမှ ပြန်လာသော အခါ



၁. ဆက်သွယ်ရန်စာအုပ်ကို ကြည့်ရမည်။

နောက်ရက်များတွင် သင်ရမည့်စာနှင့် အိမ်စာများကို ကလေးမှ ရေးရမည်။

အတန်းပိုင်ဆရာနှင့် အုပ်ထိန်းသူ ဆက်သွယ်ရန်အတွက်လည်း ဖြစ်ပါသည်။




၂. ကျောင်းမှဆက်သွယ် ဆက်သွယ်ရန်စာ မိတ္တူစာရွက်ကိုကြည့်ရမည်။

၃. ကလေးများ၏ အိမ်စာကို ကြည့်ပေးရမည်။

၄. နောက်ရက်များအတွက် ပြင်ဆင်ကြရအောင်။

## ၂. ကျောင်းနောက်ကျချိန် စော စောအိမ်ပြန်လာချိန်

- ကျောင်းသို့ မပျက်မကွက်ဆက်သွယ်ရမည်။
- ကျောင်းတက်ချိန် နောက်ကျလျှင် အုပ်ထိန်းသူမှ ကျောင်းသို့ ကလေးကို ပို့ပေးရမည်။
- ကျောင်းပြန်ချိန် နောက်ကျလျှင် အုပ်ထိန်းသူမှ ကျောင်းသို့ သွားကြိုရမည်။



ကလေးမလာလျှင်စိတ်ပူသည်

အကြောင်းကြားပါ

## ၆. ကျောင်းသုံးပစ္စည်း

ပစ္စည်းအားလုံးကို နာမည်ရေးထားပါ။


### ၁. ကျောင်းမှ ပေးဝေသည့် ပစ္စည်းများ

<table>
<tr><td>နာမည်ကဒ်ပြား<br></td><td>သင်ခန်းစာ စာအုပ်<br></td><td>မှတ်စုစာအုပ်<br></td></tr>
<tr><td>လုံခြုံရေးပီပီ<br></td><td>ဆက်သွယ်ရန်စာအုပ်၊အိတ်<br></td><td>ကျောင်းအိတ်ဖုံး<br>ယာဉ်အသွားအလာ<br>လုံခြုံမှု အထိမ်းအမှတ်<br></td></tr>
</table>

### ၂.ကျောင်းမဝင်မီဆောင် ရမည့်ပစ္စည်းများ

<table>
<tr><td>ကျောင်းခန်းစီး ဖိနပ်<br></td><td>ကျောင်းလွယ်အိတ်<br></td><td>အားကစားဖိနပ်<br></td></tr>
<tr><td>အိတ်<br></td><td>ကမ်းတိုက်အဝတ်<br></td><td rowspan="2">အားကစားအဝတ်အထည်<br>နီဖြူဦးထုပ်၊ အိတ်<br><br>အားကစားဂျာစီဝတ်သည့်<br>ကျောင်းလည်း ရှိသည်။</td></tr>
<tr><td>စာရေးကိရိယာများ<br>ခဲတံနီ ခဲဖျက် ပေတံ အောက်ခံ<br>ခဲတံဗူး name pen</td><td></td></tr>
</table>

## 3. ကျောင်းဝင်ပြီး ကျောင်းမှ ပုံနှိပ်စာနှင့် မှာယူနိုင်သည့် ပစ္စည်း

| | | |
|---|---|---|
| ကီးဘုတ်<br> | ရောင်စုံခဲတံ<br> | တိတ်၊ ကော်၊ ကက်ကြေး<br> |
| ပေတံ<br> | ေရကူးအဝတ္၊ ေရကူးဦးထုပ္၊ အိတ္<br> | ခုန်ကြိုး<br> |
| ကိရိယာဗူး<br> | ※ကျောင်းအပေါ်မူတည်၍ ဝေပေးသည့် ပစ္စည်းများ မတူပါ။<br>နားမလည်သည့်အရာများရှိပါက အတန်းပိုင်ဆရာအား မေးမြန်းပါ။ | |

## 7. ကျောင်းသို့ ပေးသွင်းရသည့် အခကြေးငွေ

| | | |
|---|---|---|
| ကျောင်းလခ | 0 | ကျောင်းလခ နှင့် ဖတ်စာအုပ်အတွက် အခကြေးငွေ ပေးရန် မလိုအပ်ပါ။ |
| ဖတ်စာအုပ် | 0 | |
| အသုံးစရိတ်များ | 5,000 (about) | PTAဖွဲ့ ့ဝင်ကြေး သင်ထောက်ကူ ပစ္စည်းများ |
| ကျောင်းနေ့လည်စာအတွက် အခကြေးငွေ | 5,000 (about) | တစ်ခါစား250 × 20days/month |
| အခြား | ကျောင်းစရိတ်သည်ကျောင်းအလိုက် ခြားနားပါသည်။ | |

※ကျောင်းမှ သတ်မှတ်ထားသော yucho Bank account ကို ဖွင့်ရပါသည်။ ထိုမှ ပေးဆောင်ရပါသည်။ လတိုင်း သတ်မှတ်ရက်မတိုင်ခင် ငွေပေးသွင်းရပါသည်။

## 8. ကျောင်းနှင့် မိဘ အုပ်ထိန်းသူ ဆက်သွယ်နည်း


ကျောင်းပျက်ချိန်နှင့် နောက်ကျချိန်များတွင် ကျောင်းကို ဆက်သွယ်ရသည်။ အဆက်အသွယ်မရှိဘဲ ကျောင်းပျက်သော်မတော်တဆမှုများ ကြုံလား ဆိုပြီးကျောင်းဆရာဆရာမများမှ စိုးရိမ်ပူပန်ကြပါသည်။ အောက်ပါ နည်းလမ်းသုံးခုနဲ့ ကျောင်းသို့ ဆက်သွယ်ရပါမည်။

**1.အတန်းပိုင်ဆရာကို ဖုန်းဆက်ရမည်။**

**2. ဆက်သွယ်ရန် စာအုပ်မှ အသိပေးရသည်။**

**3.ညီအစ်ကို မောင်နှမ နှင့် အိမ်နီးနားချင်း၊ သူငယ်ချင်းအားဖြင့် အကြောင်းကြားရသည်။**

**☆နားမလည်သည့်အခါ၊ ဂျပန်စာမဖတ ်တတ်သည့်အချိန်တွင်**




## 9. တစ်နှစ်တာ ဆောင်ရွက်မှုများ

စနေနေ့ ၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များ၌ ကျောင်းမရှိပါ။

| | |
|---|---|
| ပထမပိုင်း စာသင်မှု<br>(4/7～7/20) | ကျောင်းဝင် အခမ်းအနား ကျောင်းဝင်ပြီး တစ်တန်း တက်ရန်<br>ဖွင့်ပွဲ အခမ်းအနား – စာသင်မှု ပထမပိုင်း စရန်<br>ခန္ဓာကိုယ်ကို တိုင်းတာခြင်း – ကလေး၏ အရပ် အလေးချိန်<br>ကိုတိုင်းပြီး ဆရာဝန်မှ ကျန်းမာရေးကို စစ်ဆေးမည်။<br>ပိတ်ပွဲ အခမ်းအနား – စာသင်မှုပြီးပြီ။ အသိပေးစာကို ရယူမည်။ |
| နွေရာသီ ပိတ်ရက် | ကျောင်းရေကန်တွင် ရေကူးသင်ကြားမှု ရှိသည်။ |

| | |
|---|---|
| (7/21～/31) | အိမ်စာလုပ်လုပ်ရသည်။ ၉လ ဖွင့်ပွဲ အခမ်းအနား၌ ယူသွားရမည်။ |
| စာသင်မှု ဒုတိယပိုင်း (9/1～2/24) | ဖွင့်ပွဲအခမ်းအနား<br>ပြီးစီးပွဲ အခမ်းအနား – စာသင်မှု<br>ပထမပိုင်းအပြီးဆောင်ရွက်မှု။အသိပေးစာ ရယူမည်။ |
| ဆောင်းရာသီနားရက် (12/25～1/7) | အိမ်စာပေးသည်။ဲJanလ ဖွင့်ပွဲ အခမ်းအနားမှာယူသွားရမည်။ |
| စာသင်မှု တတိယပိုင်း (1/8～3/20) | ဖွင့်ပွဲ အခမ်းအနား<br>ကျောင်းဆင်းပွဲ အခမ်းအနား – ၆ တန်း ကလေးက မူလတန်းအောင်ခြင်း ပြီးစီးပွဲ<br>အခမ်းအနား – အတန်းအောင်ခြင်း အသိပေးစာ ရယူမည်။ |
| နွေဦး ပိတ်ရက် (3/21～4/6) | ၄ လ ပိုင်းတွင် အားလုံး မပျက်မကွက် နောက်တစ်တန်း တက်ရမည်။ |

၁. အသိပေးစာ – ကလေး၏ အောင်ချက်ကို မိဘများအား အသိပေးသည်။

AYUMI ကဲ့သို့သော ကျောင်းအလိုက် အခေါ်အဝေါ် မတူပါ။

ပိတ်ပွဲ အခမ်းအနားကျင်းပချိန် ပတ်ဝင်းကျင်ရယူမည်။

၂. ကယ်ဆယ်ရေး လေ့ကျင့် – မီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းဖြစ်တဲ့အခါ ရှောင်ပြေးရန် လေ့ကျင့်ရသည်၊ ကျောင်းအလိုက်၊ မိဘမှ ကလေးအား ကျောင်းတွင် သွားကြိုခြင်း လေ့ကျင့်မှုလည်း ရှိသည်။

## ပျော်စရာများ

| | |
|---|---|
| အားကစားနေ့  | ပြေးခြင်း ကခြင်း ပြုလုပ်ရသည့် အားကစားသည် ပျော်စရာကောင်းသည်။<br>ကလေးအားလုံးလုပ်ရပြီး မိဘများမှ<br>ကြည့်ပြီးအားပေး၍ ရသည်။ |
| လေ့လာရေး ခရီး  | ထမင်းဗူးယူပြီး ကျောင်းအပြင်သို့ သွားရသည်။<br>တစ်နေ့လုံး ပျော်ပျော်ရွှင်ရွှင် ကုန်ဆုံးပါသည်။ |

<table>
<tr><td colspan="2">ကျောင်းလေ့လာရေး<br>ခရီး<br></td><td>၆ တန်းအားလုံး ခရီးထွက်ရသည်။ တစ်ရက် အိပ်ရသည်။</td></tr>
<tr><td colspan="2">ပြင်ပလှုပ်ရှားမှုများ<br></td><td>၅ တန်းကလေးအားလုံး ပြင်ပလှုပ်ရှားမှုတွင် အားလုံးပါဝင်ရမည်။ တစ်ရက် အိပ်ရသည်။</td></tr>
<tr><td colspan="2">သင်ယူမှု (ဂီတ) ပြပွဲ<br></td><td>အတန်းလိုက် သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း ပြုကြမည် အတန်း၌ သင်ယူခဲ့သည့် အရာများကို ပြဇာတ်နှင့် ဖော်ပြသည့်အခါလည်း ရှိသည်။<br>ကျောင်းသားအားလုံးနှင့် အုပ်ထိန်းသူ မိဘများ ကြည့်ရှုမည်။</td></tr>
<tr><td colspan="2">ရေကူးသင်တန်း Jun-Aug<br></td><td>ရေကူးကန်၌ ရေကူးသင်တန်း ရှိသည်။<br>ရေကူး သင်တန်းရှိတဲ့မနက် ကိုယ်အပူချိန်ကို တိုင်းပြီး ရေကူးကဒ် ပေါ်၌ ရေးရပါသည်။ နာမည်ရွေးခြင်း တံဆိပ်နှိပ်ခြင်း လုပ်ပြီး ကျောင်းသို့ ယူသွားရပါမည်။</td></tr>
<tr><td>ရေကူးဝတ်စုံ<br></td><td>ဝတ်လဲဖို ့ပုဝါ<br></td><td>ဦးထုပ်<br></td></tr>
</table>

## 10. ကျောင်းနဲ့ပတ်သက်ပြီး သိရှိနားလည်ရန်

အတန်းပိုင်ဆရာ၊ အခြား အုပ်ထိန်းသူ မိဘများနှင့် စကားပြောရအောင်

### 1.သင်ကြားမှု အတန်းကို ကြည့်ရှုလေ့လာခြင်း

အုပ်ထိန်းသူမိဘများက ကျောင်းမှာ ကလေးရဲ့အခြေအနေကို သိဖို့ အတန်း သင်ကြားချိန် နားချိန် နေ့လည်စာ စားချိန်၌ ကြည့်ရှုလေ့လာနိုင်ပါသည်။


### 2. အုပ်ထိန်းသူ မိဘများနှင့် တွေ့ဆုံ ဆွေးနွေး




စာသင်ကြားမှု ပထမပိုင်းမှာ တစ်ကြိမ် ၊ စာသင်ကြားမှုအပြည့်ကို လေ့လာပြီး စာသင်ခန်းမှာ အတန်းပိုင် ဆရာနဲ့ မိဘ အုပ်ထိန်းသူများနှင့်ကလေးများ၏ သင်ကြားမှု ကျောင်းသားဘဝ၊ အိမ်ဘဝ နဲ့ပတ်သက်ပြီး စကားပြောပါသည်။

### 3. ကိုယ်ပိုင်တွေ့ဆုံခြင်း ( အသိပေးခြင်း၊ စာပေးခြင်း )

မိဘအုပ်ထိန်းသူနဲ့ အတန်းပိုင် ဆရာ စကားပြောပြီး အသိပေးစာကို ရယူပါမည်။




### 4. အိမ်သို့ လည်ပတ်ခြင်း

အတန်းပိုင်ဆရာက အိမ်မှာလာပြီး စကားပြောပါမည် အိမ်သို့ လည်ပတ်ခြင်းမရှိတဲ့ ကျောင်းလည်း ရှိသည်။

## 11. ဒုက္ခအဆင်မပြေမှုများရှိပါက ဆွေးနွေးတိုင်ပင်ရအောင်

### ၁. ကလေးတိုးတက်မှုနှင့် နှိပ်စက်မှုပြသနာ

စိုးရိမ်ပူပန်မှုရှိပါက အတန်းပိုင်နှင့် ဆွေးနွေးတိုင်ပင်ရမည် ကျောင်းသို့ ဆက်သွယ်ပြီး ကျောင်းဆွေးနွေးတိုင်ပင်သူနှင့် တိုင်ပင်၍ ရပါသည်။

## ၂. ငွေကြေးပြဿနာ

ကျောင်းအထောက်အပံ့စနစ်

ကျောင်းနေ့လည်စာ ကုန်ကျစရိတ်၊ ကျောင်းသုံးပစ္စည်းကုန်ကျစရိတ်များက kore မြို့နယ်မှ ကူညီပေးပါမည်။

အတန်းပိုင်ဆရာနှင့် ဆွေးနွေးတိုင်ပင်ပါ။

## ၃. ကလေး၏ ဂျပန်ဘာသာစကား

ဂျပန်စာနှင့် ပတ်သက်သည့် နည်းပြဆရာ၊ ဘာသာပြန် - ဂျပန်ဘာသာဆရာက သင်ကြားပေးပါမည်။

ဘာသာပြန်ကို တောင်းဆိုလို့ရပါသည်။ အတန်းပိုင်ဆရာနှင့် ဆွေးနွေးတိုင်ပင်ပါ။

ကလေးဂျပန်ဘာသာ သင်ကြားခန်း SHIRANDA (စနေနေ့တိုင်း ၁၄-၁၆ နာရီ )

(HIROKYODO CENTER – TEL 0823-71-0321)

## ၄. မိဘ အုပ်ထိန်းသူများ၏ ဂျပန် ဘာသာစကား

Kure ဂျပန် စကားသင်တန်း -( စနေနေ့တိုင်း 18-19：30)

SEKAINO HANA-( ဗုဒ္ဓဟူးနေ့တိုင်း 10-11:30)

(Hro machi zukuri center Tel：0823-71-2151)

KURE နိုင်ငံခြားဘာသာ ဆွေးနွေးကောင်တာ Tel：0823-76-3307

အင်္ဂလိပ် တရုတ် ဗီယက်နမ် စကားများနဲ့ ဆွေးနွေးနိုင်ပါသည်။

အင်္ဂလိပ် ပေါ်တူဂီ စကားနဲ့ဆွေးနွေးနိုင်ပါသည်။

ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့ပိတ်ပါသည်။

## ☆စကားပြန် ထောက်ပံ့ခြင်း

ဘာသာစကားပြန်ကြားသူနှင့် ဆွေးနွေးနိုင်ပါသည်။ အတန်းပိုင်ဆရာထံ ဆွေးနွေးရအောင်

ကျောင်း ( အတန်းပိုင်ဆရာ )က HIROSHIMA နိုင်ငံတကာ စင်တာသို့ ဆက်သွယ် ဆွေးနွေးပေးပါမည်။

ကိုးကားသောစာအုပ်များ။ နိုင်ငံခြားသားမိဘအုပ်ထိန်းသူများအတွက်မူလတန်းကျောင်းလမ်းညွှန်

Pinatsubo Fukkou musasinonetto<pinatto>,Mitaka အပြည်ပြည်ဆိုင်ရာအသင်း

Kureshi no shougakkou seikatsu（2021Feb）

တည်းဖြတ်နှင့်ထုတ်ဝေ ;Nihongo Network Sumitsuzukete Kure